Käännös: Keski-Suomen tulkkikeskus

Myanmar (Burma)

# Punainen Risti etsii sodassa tai onnettomuudessa kadonneita

**ကြက်ခြေနီအဖွဲ့အနေနှင့်စစ်အတွင်း(သို့)ရုတ်တရက်ဖြစ်ပွါးသည့်သဘာဝဘေးအန္တရာယ်များကြောင့် ပျောက်ဆုံးနေသူများကို ရှာဖွေပေးသည်။**

၉နှစ်သား(Samuel) စာမြူရယ်သည်ကျောင်းတွင်ရှိနေစဉ်၊၄င်း၏မိသားစုနေထိုင်သည့်အိမ်ကိုစစ်သားများက ဖျက်ဆီးပစ် သည်။ ကောင်လေးသည် မိဘများကို ရှာဖွေခဲ့သော်လည်း အချည်းနှီးသက်သက်ဖြစ်ခဲ့သည်။ ဦးလေးဖြစ်သူ၏ အကူအညီ ဖြင့် စစ်အတွင်း၊ ဖင်လန်နိုင်ငံ သို့ ထွက်ပြေး လွတ်မြောက်ခဲ့သည်။ ကြက်ခြေနီအဖွဲ့၏၊လူ၊ပုဂ္ဂိုလ်များထံသို့အကြောင်းကြားပေးသည့်အကူအညီဖြင့်၊၄င်းအနေနှင့် ပထမတွင် ရပ်ဝေးရှိဆွေမျိုးများနှင့် အဆက်အသွယ်ရရှိပြီး၊ ၄င်းနောက် မိခင်ကို ကာနာဒါနိုင်ငံမှ ရှာဖွေတွေ့ရှိခဲ့သည်။

စစ်ပွဲများနှင့်ကြီးမားသော သဘာဝဘေးအန္တရာယ်များသည် မိသားစုများကို အကွဲကွဲအပြားပြားဖြစ်စေသည်။ မိမိတို့နှင့်နီးစပ် သောသူများ ၏ ကံကြမ္မာကိုမသိရခြင်းသည် လူသားများအနေနှင့် အခံစားရဆုံးဖြစ်သည်။ ၄င်းတို့အနေနှင့် မည်ကဲ့သို့ အဖြစ်အပျက်မျိုးနှင့် ကြုံတွေ့ခဲ့ရပါသနည်း။

မိသားစုများနှင့်ကွဲသွားရသည့် အဖြစ်မျိုးနှင့် ကြုံတွေ့ရသည့် မိသားစုဝင်များ၊ တဦးနှင့်တဦး ရှာဖွေတွေ့ရှိရန်နှင့်၊ တဦးနှင့်တဦး အဆက်အသွယ်ပြုနိုင်ရန်အတွက် လွယ်ကူစေရန်၊ ကြက်ခြေနီအဖွဲ့မှနေ၍ ကူညီရန်ကမ်းလှမ်းလျက်ရှိသည်။

စစ်ဖြစ်နေသည့်ဒေသများတွင်နိုင်ငံတကာကြက်ခြေနီကော်မီတီမှဦးဆောင်လုပ်ကိုင်လျက်ရှိသည်။ နှစ်စဉ်နှစ်တိုင်းလူပုဂ္ဂိုလ်များနှင့်ပတ်သက်သည့် အကြောင်းကြားပေးမှုအသစ်ကို တစ်သောင်း(၁၀၀၀၀)ခန့်ပြုလုပ်ပြီး၊ ပါးလိုက်သည့်အမှာစကား ပေါင်း ၅သိန်း ကျော်ကို အဆက်အသွယ်ပြုလုပ်ပေးသည်။

မိသားစုပြန်လည်ပေါင်းစည်းရေး၊နှင့်ပါးလိုက်သည့်အမှာစကားဖြင့်ဆက်သွယ်ပေးခြင်းကို ကြက်ခြေနီအဖွဲ့ပေါင်း ၁၈၆ဖွဲ့နှင့် အနီရောင် လတဝက်အမျိုးသားအဖွဲ့အစည်းများမှပါဝင်လုပ်ဆောင်ပေးသည်။ကမ္ဘာလုံးဆိုင်ရာကျယ်ပြန့်သည့်ဤပိုက်ကွန်အဆက်အသွယ်ထဲတွင်၊ ဖင်လန်နိုင်ငံကြက်ခြေနီအဖွဲ့မှ တစိပ်တဒေသပါဝင်သည်။

**ဖင်လန်နိုင်ငံမှ ဆယ်ပေါင်းများစွာသော အကြောင်းကြားပေးမှုများနှင့် အမှာစကားသတင်းပါးပေးမှုများ။**

ဖင်လန်နိုင်ငံကြက်ခြေနီအဖွဲ့မှစတင်ဖြေရှင်းပေးခဲ့သည့်ပျော်ရွှင်စွာဖြင့်ဇာတ်သိမ်းသော အဖြစ်အပျက်များထဲမှ Samuel ၏ အဖြစ်အပျက်သည် တခုအပါအဝင်ဖြစ်သည်။

- ကျွန်ုပ်တို့အနေနှင့် နှစ်စဉ်နှစ်တိုင်း နိုင်ငံပေါင်း ၃၀ကျော်မှ လူပုဂ္ဂိုလ်များနှင့်ပတ်သက်သည့် အကြောင်းကြားပေးမှုပေါင်း၁၅၀ခန့် နှစ်စဉ်နှစ်တိုင်းပြုလုပ်ပေးသည်ဟု စီစဉ်ဆောင်ရွက်သူ Aki Vailä ကပြောသည်။ အကြောင်းကြားဆောင်ရွက်ပေးသည့်ကိစ္စ အားလုံးအနေနှင့် ပျော်ရွှင်သောဇာတ်သိမ်းခြင်းမျိုး (သို့) အဆုံးထိ အကြောင်းကြားနိုင်သည်အထိ မဖြစ်လာခြေ။ ဆွေနီးမျိုး စပ်ရှာဖွေနေသူများအတွက် မည်သည့်အကြောင်းအရာမျိုးမဆို၊ လုံးဝမသိရသည်နှင့်စာလျှင် တော်သေးသည်။

- စစ်ပွဲဖြစ်ပွါးနေသည့်နိုင်ငံများတွင်၊ သာမန်အဆက်အသွယ်များဖြစ်သည့်စာတိုက်နှင့်ကြေးနန်း(ဖုံး)ဆက်သွယ်မှုများမရှိသောကြောင့် ပျောက်ဆုံးနေသူများကိုရှာဖွေတွေ့ရှိရန်ခက်ခဲသည်။ စိတ်ရှည်သည်းခံမှုရှိရမည်။ မိသားစုဝင်တဦးနှင့်တဦးအဆက်အသွယ်ရရှိရန်အတွက်၊ လုပ်စရာများ နှင့်အချိန်များစွာလိုအပ်သည်။ မည်သည့်အဖြေမျိုးကိုမှ မရရှိမီ တနှစ်တာ (သို့) တနှစ်တာထက်ပို၍ကြာနိုင်သည်။

ပုဂ္ဂိုလ်ရေးရာနှင့်ပတ်သက်သည့် အကြောင်းအရာအများဆုံးကို ယှူအခါ၊ မကြာသေးမီအချိန်ကာလအတွင်းက အာဖဂန်၊ အီရတ်၊ အီရန်နှင့်စိုမာလီယာနိုင်ငံများသို့ အများဆုံးဦးတည်လျက်ရှိသည်။

- သတင်းပေးပို့သည့်ဖက်မှကြည့်ပါက၊ ဖင်လန်နိုင်ငံနှင့် အာဖဂန်၊ စိုမာလီယာ၊ အန်ဂိုလာနှင့် ကွန်ဂိုနိုင်ငံများကြားတွင် သတင်းဆက်သွယ်မှုအများဆုံးဖြစ်သည်။ လွန်ခဲ့သည့်နှစ်က၊သတင်းပေးပို့မှုဖြင့် ၇၁ ခုဆက်သွယ်ပေးခဲ့သည်။ ဖင်လန် နိုင်ငံသို့ ၃၃ ခုပြန်လည်ရောက်ရှိလာခဲ့သည်။

- ဒုတိယကမ္ဘာစစ်အတွင်းက ပျောက်ဆုံးခဲ့သူများနှင့်ပတ်သက်သည့် ဆွေနီးမျိုးစပ်တော်သူများအတွက် ကျွန်ုပ်တို့အနေနှင့် ရုရှားနိုင်ငံသို့လည်း ပုဂ္ဂိုလ်ရေးရာနှင့်ပတ်သက်သည့် အကြောင်းအရာများကို အကြောင်းကြားပေးခဲ့သည်ဟု Aki Väilä ကပြောကြားသည်။

**ပုဂ္ဂိုလ်ရေးရာနှင့်ပတ်သက်သည့် အကြောင်းကြားချက်များကို လျှောက်လွှာပုံစံဖြင့် ပြုလုပ်သည်။**

ပုဂ္ဂိုလ်ရေးရာနှင့်ပတ်သက်သည့်အကြောင်းအရာများကို ဆွေမျိုးနီးစပ်တော်သူများ၊ ၄င်း၏အုပ်ထိန်းသူ (သို့) ကိုယ်စား လှယ်ကပြုလုပ်နိုင်သည်။ ကြက်ခြေနီအဖွဲ့၏ ပုဂ္ဂိုလ်ရေးရာအကြောင်းကြားသည့် လျှောက်လွှာပုံစံထဲတွင် ပါရှိသည့် မေးခွန်း များထဲတွင်၊ ရှာဖွေလိုသည့်ပုဂ္ဂိုလ်၏ အကြောင်းအရာများနှင့် ရှာဖွေသူအနေနှင့်သိသည့် ၄င်း၏နောက်ဆုံးလိပ်စာကို မေးထားသည်။

ဖင်လန်နိုင်ငံကြက်ခြေနီအဖွဲ့အနေနှင့် ဖြည့်ပြီးသားလျှောက်လွှာပုံစံကို၊ ပျောက်ဆုံးသူကို ရှာဖွေလိုသည့်နိုင်ငံရှိ ကြက်ခြေနီ အဖွဲ့သို့ (သို့) အနီရောင်လခြမ်းအဖွဲ့သို့ပေးပို့သည်။ရှာဖွေဆောင်ရွက်မှုလုပ်ငန်းသည်ယုံကြည်စိတ်ချရသည်။ရှာဖွေလိုသည့်ပုဂ္ဂိုလ်နှင့်ပတ်သက်သည့်အကြောင်း အရာများကိုအပြင်လူကိုအသိပေးခြင်းမရှိ။ဒေသခံကြက်ခြေနီအဖွဲ့အနေနှင့်ပုဂ္ဂိုလ်များကိုရှာဖွေရာတွင်၊ဥပမာအားဖြင့်မည်သို့ပင်ဆိုစေ၊ တရားဝင် ရေးသွင်းထားသည့်စာရင်းများထဲမှ ရှာဖွေရသည့် အဖြစ် မျိုးလည်း ရောက်နိုင်သည်။

ပျောက်ဆုံးနေသူကိုရှာဖွေတွေ့ရှိသည့်အခါ၊ ကြက်ခြေနီအဖွဲ့အနေနှင့်၊ ၄င်း၏လိပ်စာကိုဆွေနီးမျိုးစပ်တော်သူများကိုပေးနိုင်၊မပေးနိုင်ဆိုသည်ကို ၄င်းကိုယ်တိုင်ဆုံးဖြတ်နိုင်ခွင့်ရှိသည်။

ရှာဖွေခြင်းနှင့်ပတ်သက်၍မည်သို့မျှအကြောင်းမထူးသော်လည်း၊ရှာဖွေရမည့်ပုဂ္ဂိုလ်၏ အကြောင်းအရာများသည် ကြက်ခြေနီအဖွဲ့၏စာရင်းထဲတွင် ကျန်ရှိနေသည်။ အကယ်၍အကြောင်းအရာအသစ်များ ပေါ်ပေါက်လာပါက ရှာဖွေခြင်းကို ပြန်လည်အစပြုသည်။

**သတင်းပို့သည့်အခါ မိသားစုနှင့်ပတ်သက်သည့်၊ သာကြောင်း၊ နာကြောင်းသာပေးပို့ရသည်။**

စစ်အတွင်း(သို့)သဘာဝဘေးဒဏ်များကြောင့်၊သာမန်စာတိုက်နှင့်ကြေးနန်းအဆက်အသွယ်များအလုပ်မလုပ်သောအခါ၊ မိသားစုဝင် တဦးနှင့်တဦး အဆက်အသွယ်ပြုလုပ်နိုင်ရန်လည်းကြက်ခြေနီအဖွဲ့အနေနှင့်ကူညီသည်။သတင်းပေးဆက်သွယ်မှုကိုသာမန်အဆက်အသွယ်များပြန်လည် ကောင်း မွန်သည်အထိ အဆက်အသွယ်ပြုလုပ်ပေးနိုင်သည်။

ရေးသားပေးပို့ရန်အတွက်အဆင်သင့်ပြုလုပ်ထားသည့်သတင်းပေးပို့သောလျှောက်လွှာပုံစံများတွင်၊ပုဂ္ဂိုလ်ရေးရာ(သို့) မိသားစုနှင့်ပတ်သက်သည့် အကြောင်းအရာများကိုသာ ရေးနိုင်သည်။ နိုင်ငံရေးနှင့်ပတ်သက်သော အကြောင်းအရာများကို ရေးခွင့်မရှိ။လျှောက်လွှာတွင် ဓာတ်ပုံများကို ပူးတွဲပေးပို့နိုင်သည်။ သို့သော် ဥပမာအားဖြင့် ပိုက်ဆံနှင့်ဆေးစသည် တို့ကို မပို့ရ။

ကြက်ခြေနီအဖွဲ့အနေနှင့် မိမိ၏အင်တာနက်မှတဆင့်၊ပေးပို့လိသည့်သတင်းကိုလက်ဆင့်ကမ်းပို့ပေးသည်။ အကယ်၍လက်ခံမည့်သူကိုအဆက် အသွယ်မရပါက၊ ကြက်ခြေနီအဖွဲ့အနေနှင့် သတင်းပေးပို့သူထံသို့ ပြန်လည်ပို့ပေးသည်။ လက်ခံမည့် သူကို အဘယ်ကြောင့်ရှာ၍မတွေ့ကြောင်း လျှောက်လွှာတဲတွင် မှတ်ချက်အနေဖြင့် ရေးပေးသည်။

**စက်မှုပိုင်းဆိုင်ရာကျွမ်းကျင်မှု၏အထောက်အကူဖြင့်။**

ကြက်ခြေနီအဖွဲ့သည်ကမ္ဘာအရပ်ရပ်မှစုပေါင်းရရှိသမျှစစ်ဘေးဒုက္ခသည်များ၏အကြောင်းအရာများကိုကွန်ပျူတာများထဲသို့ထည့်သွင်းစုဆောင်း ထားသည်။ ကွန်ပျူတာထဲတွင် Ruanda နှင့် Balkan တို့နှင့်ပတ်သက်သည့် အကြောင်း အရာများမှာ အကျယ်ပြန့်ဆုံးဖြစ်သည်။

ပျောက်ဆုံးနေသည့်မိသားစုဝင်များကိုရှာဖွေရန်ဖြစ်နိုင်ခြေရှိသည့် (Family Links) ခေါ်အင်တာနက်စာမျက်နှာများကိုလည်းမိသားစုပြန်လည် စုပေါင်းရေးတွင်အထောက်အကူအဖြစ်ကော်မတီအနေနှင့်ထိမ်းသိမ်းထားသည်။ ထိုနေရာတွင် မိမိတို့၏ ပုဂ္ဂိုလ်ရေးဆိုင်ရာအကြောင်းအရာများနှင့် ရှာဖွေလိုသည့်ပုဂ္ဂိုလ်များ၏အမည်များကိုမှတ်တမ်းတင်ထားနိုင်သည်။ ထိုစာမျက်နှာများကို www.familylinks.icrc.org မှတွေ့ရှိ နိုင်သည်။

ပျောက်ဆုံးနေသူများနှင့် ရှာဖွေလိုသည့်ပုဂ္ဂိုလ်များ၏အမည်စာရင်းများကိုလည်း၊ ဥပမာအားဖြင့်၊ဒုက္ခသည်စခန်းများ၊သတင်းစာများနှင့် ရေဒီယို များတွင်ထည့်သွင်းကြော်ငြာသည်။

ကြက်ခြေနီအဖွဲ့၏မိသားစုပြန်လည်စုစည်းရေးလုပ်ငန်းသည်ဂျီနီဗာ(Geneva) သဘောတူညီချက်နှင့်တကွ၄င်း၏နောက်ဆက်တွဲမှတ်တမ်းများ ပေါ်တွင် အခြေခံသည်။

ပုဂ္ဂိုလ်ရေးဆိုင်ရာနှင့်ပတ်သက်သည့်အကြောင်းအရာများ၊ အမှာစကားပါးသတင်းပေးပို့ခြင်းတို့နှင့်ပတ်သက်၍ ပို၍သိလိုပါက ကြက်ခြေနီ အဖွဲ့ ၏ အင်တာနက်စာမျက်နှာ မှ www.redcross.fi ရရှိနိုင်သည်။

Aki Väilä
ကြက်ခြေနီအဖွဲ့၊ ပုဂ္ဂိုလ်ရေးရာကိစ္စများကို အကြောင်းကြားပေးသူ၊